# တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ

တင်ဒါတင်သွင်းသူသည် တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ အောက်ပါအချက်များ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးရမည်။

## (က) တင်ဒါတင်သွင်းခြင်း

(၁) တင်ဒါပုံစံအား ကျပ်သိန်း( )( ကျပ်တိတိ)အား လျှောက်လွှာစပေါ်ငွေအဖြစ် Payment Order ပြုလုပ်၍ မူရင်းပေးသွင်းပြီးမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(၂) တင်ဒါပုံစံနှင့်တကွ တင်ဒါဈေးနှုန်း ဖော်ပြသည့်ပုံစံ၊ ဆောက်လုပ်မည့် အဆောက်အဦတစ်ခုစီအတွက် Bill of Quantity, Abstract Cost, Builder Estimate & Detailed Measurement တို့ကို ပူးတွဲတင်သွင်းရမည်ဖြစ်ပါသည်။

(၃) တင်သွင်းရာတွင် အိတ်ဖွင့်တင်ဒါမူရင်းနှင့်တကွ တင်ဒါစပေါ်ငွေကျပ်သိန်း( ) တိတိအား Payment Order နှင့်တကွ တင်သွင်းရမည်။ မအောင်မြင်သော တင်ဒါရှင်များအား တင်ဒါစပေါ်ငွေများ ပြန်လည်ထုတ်ပေးမည်။ အောင်မြင်သော တင်ဒါရှင်များအနေဖြင့် ဆက်လက်မလုပ်ကိုင်လို၍ ပျက်ကွက်ပါက ဝန်ကြီးဌာနအနေဖြင့် တင်ဒါစပေါ်ငွေအား ပျက်ကွက်မှုလျော်ကြေးငွေအဖြစ်သတ်မှတ်ပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပြီး အမည်မည်းစာရင်း သတ်မှတ်ခြင်းခံရမည်။ တင်ဒါစပေါ်ငွေဖြစ်သော Payment Order အား သီးခြားစာအိတ်ဖြင့် တင်သွင်းရမည်။

(၄) တင်သွင်းလာသည့် (BQ ) များတွင် သက်ဆိုင်ရာကုမ္ပဏီတံဆိပ်နှင့် တာဝန်ခံ၏ လက်မှတ်ပါရှိရမည်။ လက်ရှိအခြေအနေကိုဖော်ပြသော ကုမ္ပဏီ၏ Profile နှင့် လုပ်ငန်းမှတ်ပုံတင်ကို တင်ဒါပုံစံနှင့်အတူ တင်သွင်းရမည်။

(၅) တင်သွင်းမည့် Structural-Drawing တိုင်းတွင် လိုင်စင်ရအင်ဂျင်နီယာ(RES) လက်မှတ်ရေးထိုးရမည်။ တင်သွင်းသည့်ကုမ္ပဏီမှ သက်ဆိုင်ရာကျောင်း၏ Structural-Design ကို တာဝန်ယူရမည်။ တင်ပြလာသော Structural-Drawing နှင့် Structural-Design ကို ကျွမ်းကျင်သူများနှင့်စိစစ်မည်။ Design တွင် စံချိန်မမှီပါက တင်ဒါမှပယ်ခြင်းခံရမည်။

(၆) အသုံးပြုသော သံချောင်း၊ ဘိလပ်မြေအစရှိသည့် ဆောက်လုပ်ရေးပစ္စည်းများ၏ Quality Control အတွက် လုပ်ငန်းအပ်နှံသူမှ ကြီးကြပ်မည်။ သို့သော် သင့်လျော်သော သတ်မှတ်စမ်းသပ်ခများကို ကုမ္ပဏီမှ ပေးဆောင်ရမည်။

(၇) လုပ်ငန်းအပ်နှံသူမှ တစ်လတစ်ခါစစ်ဆေးရေးအဖွဲ့ ( Inspection Team ) (QC /ဌာနမှ ဖွဲ့စည်းထားသည့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့)စေလွှတ်မည်။ စေလွှတ်သူနှင့် အငြင်းအခုံဖြစ်ပါက စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

(၈) ဆောက်လုပ်ရေးလုပ်ငန်းလက်ခံသူအနေဖြင့် မိမိ၏ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့အတွင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအား ပညာရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ ရက်သတ္တပတ်နှစ်ပတ်လျှင် တစ်ကြိမ်အစီရင်ခံတင်ပြရမည်။ ထိုသို့တင်ပြရာတွင် လုပ်ငန်းများအလိုက် ဓာတ်ပုံမှတ်တမ်းများ၊ Video File များဖြင့် ပြည့်စုံစွာတင်ပြရန်လိုအပ်သည်။

(၉) တင်ဒါရရှိသူသည် လုပ်ငန်းအာမခံကြေးအဖြစ် လုပ်ငန်းတန်ဖိုး၏ (၅%) ကို စာချုပ်ချုပ်ဆိုပြီး (၇)ရက်အတွင်း အဆောက်အဦအာမခံငွေအဖြစ် ထားရှိရမည်။ ဆောက်လုပ်ပြီးနောက်ပိုင်း ချို့ယွင်းချက်များရှိပါက ပြင်ဆင်ပေးရမည်။ ပြင်ဆင်ရန်ငြင်းဆန်ပါက၊ အဆောက်အဦအာမခံငွေမှ ပြင်ဆင်ဆောင်ရွက်သွားမည်။ လုပ်ငန်းပြီးစီးပြီး (၁)နှစ် ကာလပြည့်မြောက်ပြီး စာရင်းစစ်စစ်ဆေးမှုခံယူပြီးမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

(၁၀) တင်ဒါတင်သွင်းသူသည် အထက်ပါလုပ်ငန်းအတွက် တာဝန်ယူလုပ်ကိုင်နိုင်သူဖြစ်လျက် လုပ်ငန်းအားလုံးအား ပထမတန်းစားအဆင့်ဖြင့် ကျွမ်းကျင်ပညာရှင်၊ ပုဂ္ဂိုလ်၊ လုပ်သားများဖြင့် ကြီးကြပ်မှုအပြည့်အဝဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသော်လည်းကောင်း၊ အသင်းအဖွဲ့မှတ်တမ်းဖြင့် တည်ထောင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များသော်လည်းကောင်း၊ ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ စုပေါင်းထားသည့်ကုမ္ပဏီ လုပ်ငန်းရှင်များသော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပါဝင်ယှဉ်ပြိုင်သော လုပ်ငန်းရှင်များသည် အစိုးရထံတွင် တရားဝင်မှတ်ပုံတင်ထားသော ဆောက်လုပ်ရေးကုမ္ပဏီဖြစ်ရမည်။

(၁၁) တင်ဒါတင်သွင်းသူသည် ပူးတွဲပါ နောက်ဆက်တွဲတွင်ဖော်ပြထားသည့် တင်ဒါတင်သွင်းသူများလိုက်နာရန် သတ်မှတ်ချက်စည်းကမ်းများနှင့်အညီ သတ်မှတ်ထားသော ပုံစံများအတိုင်း ဖြည့်စွက်လျက် မူရင်းနှင့်မိတ္တူတို့ကို စာအိတ်အတွင်းထည့်သွင်းလျက်၊ တည်ဆောက်မည့် အဆောက်အဦ၏ တင်ဒါကိစ္စကို စာအိတ်ပေါ်တွင် ဖော်ပြပြီး အောက်ပါအတိုင်း လူကိုယ်တိုင် ၂၀၂၀ ခုနှစ်၊ လ၊ ရက် ၊ ညနေ( ၀: ) နာရီ မတိုင်မီ အရောက်ပေးပို့ရမည်။

(ခ) **ဆောက်လုပ်ရေးဆိုင်ရာသတ်မှတ်ချက်များ**

(၁) မိမိတို့တည်ဆောက်ရမည့် Construction Materials & Specifications တို့ကို ဖော်ပြရန်။

(၂) ယခုတည်ဆောက်မည့် အဆောက်အဦအတွက် (၁-စတုရန်းပေလျှင်) ခန့်မှန်းခြေ( /-) ( ကျပ်တိတိ)ပတ်ဝန်းကျင်ဖြစ်ရမည်။

(ဂ) **ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ**

(၁) အဆောက်အဦဆောက်လုပ်ပြီး Non-Structure အား လုပ်ငန်းအပ်နှံပြီး (၁)နှစ်အတွင်းနှင့် Main Structure အား လုပ်ငန်းအပ်နှံပြီး(၁၀)နှစ်အတွင်း ပျက်စီးမှုများရှိခဲ့ပါက မူလအခြေအနေမျိုးဖြစ်အောင် အခမဲ့ပြုပြင်ပေးရမည်။

(၂) ငွေပေးချေသည့်အခါတိုင်း အခွန်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (၂%) ကို Withholding Tax အဖြစ် ဖြတ်တောက်၍ အခွန်ဌာနသို့ ပေးသွင်းရမည်ဖြစ်ကြောင်း ကြိုတင်သိစေလိုက်သည်။

(၃) တင်ဒါအောင်မြင်ပြီး လုပ်ငန်းရရှိသည့်အခါ လုပ်ငန်းအာမခံအဖြစ် လုပ်ငန်းတန်ဖိုး၏ (၅%) ကို တင်သွင်းရမည်။ ယင်းငွေကို အဆောက်အဦ ပြီးစီးပြီးနောက် (၁၂)လကြာပြီး စာရင်းစစ်စစ်ဆေးပြီးမှသာ ပြန်လည်ထုတ်ပေးမည်။ လုပ်ငန်းအာမခံကြေး တင်သွင်းပြီးမှသာ လုပ်ငန်းစတင် လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) **တင်ဒါရွေးချယ်ခြင်းနှင့် ပယ်ခြင်း**

အထက်ပါ သတ်မှတ်ချက်များနှင့်မညီညွတ်သည့် တင်ဒါများသည် ရွေးချယ်ရန် မသင့်သည့် တင်ဒါရှင်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။ တင်ဒါရွေးချယ်သည့်အခါ တင်ဒါရွေးချယ်ရေးကော်မတီအနေဖြင့် မည်သည့်တင်ဒါမဆို အကြောင်းမဖော်ပြပဲ ပယ်နိုင်ခွင့်ရှိပြီး ကော်မတီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

(င) လုပ်ငန်းအာမခံကြေး( Performance Guarantee) ပေးသွင်းနိုင်မှု မရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းအပ်နှံပြီး(၂)ပတ်အတွင်း စတင်နိုင်ခြင်းမရှိလျှင်သော်လည်းကောင်း တင်ဒါကော်မတီမှ ရွေးချယ်ထားသော ဒုတိယဦးစားပေး၊ တတိယဦးစားပေးများအား လုပ်ငန်းအပ်နှံသွားရန်ဖြစ်ပါသည်။